ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန
ကျောက်တန်းမြို့နယ်

# လူထုဗဟိုပြုစီမံကိန်း

# National Community Driven Development Project (NCDDP)



## ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

## Village Development Plan (VDP)


## ကျုံကန်ကျေးရွာ၊ ကျုံကန်ကျေးရွာအုပ်စု

၂၀၁၇ ခုနှစ် ကျောက်တန်းမြို့

မာတိကာ


၁။ကျောက်တန်းမြို့နယ်မြေပုံ ..................................................................................2
၂။ကျုံကန်ကျေးရွာအုပ်စုမြေပုံ ..................................................................................3
၃။ကျုံကန် ကျေးရွာသမိုင်းကြောင်း ..................................................................................3
၄။ကျေးရွာအခြေခံအချက်အလက်များ ..................................................................................5
၅။လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ် ................6
၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ ..7
၇။ကော်မတီဂင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ ..................26
၈။ ကျေးရွာကော်မတီဂင်များစာရင်း..................................................................................27
၉။ပုံစံ-၁။ကျေးရွာအချက်အလက်.................................................................................. 29
၁၀။ပုံစံ-၃။ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် ..................................................................................32
၁၁။အစည်းအဝေးမှတ်တမ်းများ ..................................................................................36
၁၂။ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အရည်အသွေးထိန်းချုပ်မှု (Checklist for VDP)..........................................39

## ၁။ ကျောက်တန်းမြို့နယ် မြေပုံ



ကျောက်တန်းမြို့နယ်ရှိ ကျေးရွာများ အခြေပြမြေပုံ
သန်လျင်မြို့နယ်
သုံးခွမြို့နယ်
ကျောက်တန်းမြို့
ရည်ညွှန်းချက်
ကွန်ကရစ် (ဘီးနှစ်ဖက်) -
ကွန်ကရစ် -
ကတ္တရာ -
ကျောက် -
ဂဝံ -
မြေ -

၂။ ကျုံကန်အုပ်စုမြေပုံ




## ၃။ ကျေးရွာအုပ်စုတွင်ပါဝင်သော ကျေးရွာစာရင်း

၁။ ကျုံကန်ကျေးရွာ

၄။ ကျေးရွာအခြေခံအချက်အလက်များ

**၁။ ကျေးရွာသမိုင်းအကျဉ်း**

ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် ကျုံကန်ကျေးရွာသည် ရှေးယခင် ကျေးရွာစတင်တည်ထောင်ကာစတွင် ရွာအဝင် ကျုံကန်ကြီးအား အစွဲပြု၍ ကျုံကန်ရွာဟုခေါ်တွင်ခဲ့ရာမှ ကာလရွေ့လျားသောအခါ ကျုံကန်ကျေးရွာဟု တဖြည်းဖြည်း ပြောင်းလဲခေါ်တွင်ခဲ့ကြပါသည်။

ကျုံကန်ကျေးရွာသည် ကျောက်တန်းမြို့အရှေ့ဘက် (၉)မိုင်ခန့်အကွာတွင် တည်ရှိပါသည်။ သုံးခွမြို့နယ်စပ် ကျားဝန်းကျေးရွာနှင့် ချောင်းတစ်ဘက် တစ်ချက်စီတွင်ရှိပါသည်။ ကျေးရွာ၏မြေဧရိယာမှာ လယ်ယာစိုက်ပျိုးနိုင်သော မြေပြန့်လွင်ပြင်ဖြစ်ပြီး အဓိကအသက်မွေးဝမ်းကြောင်းအဖြစ် စိုက်ပျိုးရေးလုပ်ငန်းများလုပ်ကိုင်ကြပါသည်။ မြေမျက်နှာသွင်ပြင်အနေဖြင့် ပင်လယ်ရေမျက်နှာပြင်အထက် ပေ (၃၀) အမြင့် တွင်တည်ရှိပါသည်။

**၃။ လူနည်းစုလူမျိုးစုအိမ်ထောင်စု**

| အမျိုးအစား | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ဟိန္ဒူ | ၁၀ | ၁၆ | ၉ | ၂၅ |

**၄။ ထိခိုက်လွယ်အုပ်စု**

| ထိခိုက်လွယ်အုပ်စု | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| သက်ကြီး | ၆၀ | ၃၀ | ၄၁ | ၇၁ |
| မြေယာမဲ့ | ၂၇၀ | ၃၅၀ | ၃၇၀ | ၇၂၀ |
| မသန်စွမ်း | ၅ | ၃ | ၂ | ၅ |

**၅။ အဓိကစီးပွားရေးလုပ်ငန်းများ**

| စိုက်ပျိုးရေး | မွေးမြူရေး | အသေးစားစီးပွားရေး | အခြား |
|---|---|---|---|
| စပါး | ကြက် | အမှုန့်ကြိတ်စက် | နိုင်ငံခြားသွား |

| | | | |
|---|---|---|---|
| ပဲတီစိမ်း | ဝက် | တွင်ခုံ | ဆိုင်ကယ်ပြင်ဆိုင် |
| | ဆိတ် | ကုန်စုံဆိုင် | |
| | ဘဲ | | |

## ၆။ ကျေးရွာအတွင်းအဓိက ပိုင်ဆိုင်မှုများ

| ကျေးရွာပိုင်ဆိုင်မှုများ | စိုက်ပျိုးမြေ | စားကျက်မြေ | ဥယျာဉ်မြေ | သဲ/ကျောက်ရရှိမှု | ရေတွင်း/ရေကန် | စက်ရေတွင်း |
|---|---|---|---|---|---|---|
| အရေအတွက် | ၂၅၇၇ | ၅၀၀ | မရှိ | မရှိ | -/၇ | ၂ |
| ကျေးရွာပိုင်ဆိုင်မှုများ | ကား | ထော်လာဂျီ | စပါးကြိတ်စက် | ရိတ်ခြွေစက်၊ခြွေလှေ့စက် | လယ်ယာသုံးစက် | ဈေးဆိုင် |
| အရေအတွက် | ၅ | ၆ | ၂ | ၁၀/၂၀ | ၁၀၂ | ၂၁ |

## ၇။ ကျေးရွာအတွင်းအခြားပိုင်ဆိုင်မှုများ

| ကျေးရွာပိုင်ဆိုင်မှုများ | ရေတင်စက် | ထွန် | ထယ် | ကျွဲ | နွား |
|---|---|---|---|---|---|
| အရေအတွက် | ၂၀ | ၂၁၅ | ၄၂၀ | - | ၁၁၁ |
| ကျေးရွာပိုင်ဆိုင်မှုများ | ဝက်၊ဆိတ် | ဆိုင်ကယ် | ကျွမ်းကျင်လုပ်သား | လုပ်သား | လယ်ထွန်စက် |
| အရေအတွက် | ၃၅၀၊ ၂၅ | ၃၉၀ | ၅၅ | ၁၈၀၀ | ၁၈ |

## ၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်း နှင့် အကဲဖြတ်ခြင်း လုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိက ဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ | ၂၄-၃-၂၀၁၄ | ရပ်မိရပ်ဖ၊ ကျေးရွာစေတနာ့ဝန်ထမ်း၊ ကျေးရွာလူထု | ၄ | ၉ | ၁၃ | အိမ်အမျိုးအစားများ၊ အခြေခံအဆောက်အဦးများ၊လမ်းပန်းဆက်သွယ်ရေးအခြေအနေလယ်ယာမြေများ၊ မြစ်ချောင်းများ၊ ရေတွင်း ရေကန်များ၊ |
| ၂ | ရာသီခွင်ပြပြက္ခဒိန် | ၂၅-၃-၂၀၁၄ | ရပ်မိရပ်ဖ၊ ကျေးရွာစေတနာ့ဝန်ထမ်း၊ ကျေးရွာလူထု | ၅ | ၁၀ | ၁၅ | ရာသီဥတု၊ စိုက်ပျိုးသီးနှံများ၊ လယ်ယာလုပ်ငန်းများ၊ နေ့စားလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများ၊ ဝမ်းစာဖူလုံမှု နှင့် ပွဲတော်များ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၃ | ဥစ္စာကြွယ်ဝမှု အဆင့် သတ်မှတ်ချက် | ၂၄-၁-၂၀၁၄ | အလွန်ပြေလည်သော၊ပြေလည်သော၊ မပြေလည်သောအုပ်စုများ | ၁၀ | ၅ | ၁၅ | ကျေးရွာလူမှုစီးပွားအုပ်စုများခွဲခြားသတ်မှတ်နိုင်ရေးအတွက် အခြေခံစံနှုန်းများ သတ်မှတ်ခြင်း၊ကျေးရွာသားများနှင့် အများသဘောတူ ခွဲခြားသတ်မှတ်ခြင်း |
| ၄ | ဗင်းပုံစံ သုံးသပ်ချက် | ၂၄-၁-၂၀၁၄ | ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ ကျေးရွာလူထု၊ စေတနာ့ဝန်ထမ်းများ | ၂၄ | ၁၆ | ၄၀ | ကျေးရွာတွင်းရှိ အဖွဲ့အစည်းများနှင့် မည်သို့သောလုပ်ငန်းများအတွက် မည်သည့်အဖွဲ့များချိတ်ဆက်လုပ်ကိုင်မှု |
| ၅ | ပင့်ကူအိမ် သုံးသပ်ချက် | ၂၄-၁-၂၀၁၄ | အမျိုးသားများနှင့် အမျိုးသမီးများ | ၂၄ | ၁၆ | ၄၀ | အမျိုးသားများနှင့် အမျိုးသမီးများ တန်းတူအခွင့်အရေး ရရှိမှု နှင့် မရရှိသည့် အကြောင်းအရင်းများ |
| ၆ | ပိုင်ဆိုင်မှု သုံးသပ်ချက် | ၂၄-၁-၂၀၁၄ | ရပ်မိရပ်ဖ၊ ကျေးရွာ စေတနာ့ ဝန်ထမ်း၊ ကျေးရွာလူထု | ၁၂ | ၈ | ၂၀ | ကျေးရွာတွင်းရှိ ပိုင်ဆိုင်ထားသော အရင်းအမြစ်များအားသိရှိခြင်း |

## ၆။ ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

## ၁။လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ သုံးသပ်ချက်




### သုံးသပ်ချက်

ကျုံကန်ကျေးရွာအုပ်စု၊ ကျုံကန်ကျေးရွာသည် ကျောက်တန်းမြို့၏ အရှေ့ဘက်နယ်မြေအဆုံးတွင် တည်ရှိပြီး အိမ်ထောင်စု ၆၇၅စုဖြင့်တည်ရှိနေသော ရွာတစ်ရွာဖြစ်ပါသည်။ကျေးရွာ၏ အဓိကလုပ်ကိုင်သော လုပ်ငန်းမှာ လယ်ယာလုပ်ငန်းနှင့်၊ စက်ရုံကြီးများတွင် လစားလုပ်ငန်းကို လုပ်ကိုင်ကြပါသည်။ ကျေးရွာ၏ကျန်းမာရေးအခက်အခဲများတွင် ကျေးရွာကျန်းမာရေးဌာနခွဲတွင်ဆေးကုသခံယူ၍ အရေးပေါ်ကျန်းမာရေး အခက်အခဲများတွင်ကျောက်တန်းနှင့်သန်လျင်သို့သွားရောက်၍ဆေးကုသခံယူရပါသည်။ ကျေးရွာ၏ လူမှုရေးကိစ္စများတွင် စည်းလုံးညီညွတ်စွာ ဝိုင်းဝန်းကူညီလုပ်ကိုင်ဆောင်ရွက်ပေးကြပြီး ကျေးရွာသူရွာသားများအားလုံး ဗုဒ္ဓဘာသာကို ကိုးကွယ်ကြပါသည်။

ကျေးရွာရွာ၏အရှေ့မြောက်ဘက်တွင် သုံးခွမြို့နယ်၊ ပျဉ်းမကန်ရွာနှင့် နယ်နမိတ်ထိစပ်နေပါသည်။ အရှေ့တောင်ဘက်တွင် ကျုံကန်ရွာ၊ တောင်ဘက်တွင်ပီလခတ်ရွာ၊ အနောက်ဘက်တွင် ကြာကန်ရွာ၊ အနောက်မြောက်ဘက်တွင်ချောင်းစောက်ရွာနှင့်ရေကျော်ရွာတို့တည်ရှိပါသည်။ ကျေးရွာအတွင်းဘုန်းတော်ကြီးကျောင်း (၃)ကျောင်းနှင့် အပိုင်း(၄)ပိုင်း ရှိပါသည်။ ကျေးရွာ၏ လိုအပ်ချက်များမှာ

တောင်ပိုင်းဘုန်းတော်ကြီးကျောင်းသွားလမ်း၊ အနောက်ပိုင်းနတ်သွားစဉ်လမ်း(စက်ရေတွင်းလမ်း) ၊ မြောက်ပိုင်းစက်ရေတွင်းလမ်း၊ မြောက်ပိုင်းမှ ကျေးရွာပြင်ပသို့ ဆက်သွယ်ရေးလမ်း ၊ စာသင်ကျောင်းခြံစည်းရိုးနှင့် ကျောင်းရှေ့မြေကွက်လပ်ကိုမြေဖို့ရန်၊ စာသင်ကျောင်းအားကစားကွင်း၊ ဘောလုံးကွင်းပြုပြင်ရန်နှင့်တောင်ပိုင်းစာကြည့်တိုက်ဆောက်လုပ်ရန်၊ကျေးလက်ဆေးပေးခန်းတွင်သားဖွား ဆောင်ဆောက်လုပ်ရန်၊ ဆက်သွယ်ရေးတံတားဆောက်လုပ်ရန် နှင့် သောက်သုံးရေကန်အားခြံစည်းရိုးခပ်ရန် စသည်တို့ကျေးရွာအတွင်း လိုအပ်သော ဖွံ့ဖြိုးရေးလုပ်ငန်းများ ဖြစ်ပါသည်။

၂။ ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ချက်။



**သုံးသပ်ချက်**

ကျုံကန်ကျေးရွာတွင် အလွန်ပြေလည်သော ၊ ပြေလည်သော ၊ မပြေလည်သော ဟူ၍ လူမှုအဆင့် (၃)ဆင့်ရှိပါသည်။


အလွန်ပြေလည်သော အဆင့်မှာ တိုက်အိမ်၊ လယ်-၁၅ ဧကအထက်၊ ကား၊ ထွန်စက်၊ ရိတ်သိမ်းချွေလှေ့စက်၊ TV ၊ ဆိုင်ကယ်နှင့် ထော်လာဂျီ တို့ပိုင်ဆိုင်ကြပြီး အိမ်ထောင်စုမှာ (၅၀)စုနှင့် ရာခိုင်နှုန်းမှာ(၈.၅%)ရှိပါသည်။

ပြေလည်သော အဆင့်တွင် ပျဉ်ထောင်သွပ်မိုးအိမ်၊ လယ်-၁၀ဧကအောက်၊ ထော်လာဂျီ၊ ဆိုင်ကယ်၊ TV ၊ နွား ၊ ဆိတ် ၊ ဝက် ၊ ဘဲ များမွေးမြူရေး လုပ်ကိုင်ကြပြီး အိမ်ထောင်စုမှာ (၁၀၀) စုနှင့် ရာခိုင်နှုန်းမှာ (၁၇%) ရှိပါသည်။

မပြေလည်သော အဆင့်မှာ ဓနိမိုးအိမ်၊ ထရံကာ၊ ဆိုင်ကယ်၊ TV နှင့် ဆိုလာပြား တို့ကိုပိုင်ဆိုင်ပြီး ဘဲနှင့်ဝက်မွေးကြမ်သောအိမ်ထောင်စုမှာ (၄၃၃)စု ရာခိုင်နှုန်းမှာ (၇၄.၅%) ရှိသည်ဟု ကျေးရွာသူရွာသားများမှ သတ်မှတ်ခဲ့ကြပါသည်။

ကျေးရွာအတွင်း နွမ်းပါးရခြင်းမှာ လယ်ယာမြေပိုင်ဆိုင်မှုမရှိခြင်း၊ လက်လုပ်လက်စား အလုပ်သမားများခြင်း၊ အလုပ်အကိုင်ရှားပါးခြင်း၊မိသားစုဝင်များခြင်း တို့ကြောင့် ဖြစ်ပါသည်။

## ၃။ ရာသီခွင်ပြ ပြက္ခဒိန် နှင့် သုံးသပ်ချက်



**သုံးသပ်ချက်**

**ရာသီဥတု** -တပိုတွဲ၊တပေါင်း၊တန်ခူးလများတွင်နေသာ၍ ကဆုန်လတွင် မိုးတိမ်တောင်များတက်လာကာ နယုန်၊ဝါဆို၊ဝါခေါင်၊တော်သလင်းလများတွင်မိုးများရွာသွန်းကာသီတင်းကျွတ်၊တန်ဆောင်မုန်း ၊နတ်တော်၊ပြာသိုလများတွင် အေးချမ်း၍ တစ်နှစ်ပတ်လုံး ပုံမှန်ရာသီဥတု ရှိပါသည်။

**စိုက်ပျိုးရေး** ဆန်စပါးနှင့် ပဲတီစိမ်းကို အဓိကထား၍ စိုက်ပျိုးကြပါသည်။နယုန်လများတွင် စပါးကို စတင်စိုက်ပျိုးပါသည်။သီတင်းကျွတ်လနှင့် တန်ဆောင်မုန်းများတွင် စပါးရိတ်သိမ်းကြပါသည်။ စပါးရိတ်သိမ်းပြီးချိန်တွင် ပဲတီစိမ်းများကို သီးထပ် စိုက်ပျိုးကြပါသည်။ တပို့တွဲလတွင် ခူးဆွတ်ကြပါသည်။

**မွေးမြူရေး** မိသားစုတပိုင်တနိုင်ဂင်ငွေရရှိရန်အတွက် ကြက်၊ဝက်၊ဆိတ် တို့ကို တစ်နှစ်ပတ်လုံး မွေးမြူကြပါသည်။

**ဝင်ငွေ** တန်ဆောင်မုန်းလ စပါးရိတ်သိမ်းပြီးချိန်နှင့် တပို့တွဲလ ပဲတီစိမ်း ခူးဆွတ်ချိန် လောက်သာဂင်ငွေ ရရှိပါသည်။ ကျန်လများတွင် တနိုင်တပိုင်မွေးမြူရေးဖြင့်သာ ဂင်ငွေရရှိပါသည်။

**ကျန်းမာရေး** ဝါဆို၊ ဝါခေါင်၊ နတ်တော်နှင့် ပြာသိုလတို့တွင်ရာသီဥတုပြောင်းလဲမှုကြောင့်ဖြစ်သော နှာစေးခြင်း၊ ချောင်းဆိုးခြင်းတို့ အဖြစ်များလေ့ ရှိပြီးအရေးပေါ် ကျန်းမာရေး အခြေအနေများတွင် ကျောက်တန်း၊သန်လျှင်မြို့များသို့ သွားရောက်ကုသမှုခံယူရပါသည်။

**ပွဲတော်များ** တပေါင်းလနှင့်တန်းခူးလများတွင် ဘုရားပွဲ ၊ တော်သလင်း သီတင်းကျွတ်လများတွင် ဆွမ်းတော်ကြီးတင်ပွဲနှင့် တန်ဆောင်မုန်းလတွင် ကထိန်ပွဲများ ကျင်းပကြပါသည်။

**သောက်သုံးရေ** တပေါင်း၊တန်ခူး၊ကဆုန်လများတွင် ရေရှားကာ သောက်သုံးရေအခက်အခဲ ရှိ၍ ကျန်လများတွင် ရေလုံလောက်မှုရှိပါသည်။

**အစားအစာ** အစားအစာအနေဖြင့် စပါးစိုက်ပျိုးသောဒေသဖြစ်သဖြင့် ဂမ်းစာအတွက် ၁၂ လရာသီ ဆန်စပါးလုံလောက်မှုရှိပြီး ဟင်းသီးဟင်းရွက်များ တနိုင်တပိုင် စိုက်ပျိုးသောကြောင့် တစ်နှစ်ပါတ်လုံး လုံလောက်မှုရှိပါသည်။

## ၄။ ဗင်းပုံစံ သုံးသပ်ချက်။




## သုံးသပ်ချက်


ကျေးရွာအတွင်း အဖွဲ့အစည်းများတွင် အုပ်ချုပ်ရေးမှူးနှင့် ကျောင်းကော်မတီ၊ ပရဟိတအဖွဲ့တို့သည် ကျေးရွာ၏ ပညာရေးမြင့်မားအောင် ပူးပေါင်းဆောင်ရွက်ကြပါသည်။ အမျိုးသမီးများ ၏ အခက်အခဲများကို ဖြေရှင်းပေးပါသည်။ ကျေးရွာလူထု ဂေါပကအဖွဲ့ ဝတ်ရွတ်အသင်း၊ ပဌာန်းအသင်းတို့သည် ကျေးရွာဘာသာရေး ၊သာသနာရေး ရေရှည်တည်တံ့ရန် ဆောင်ရွက်ကြပါသည်။

တောင်သူလယ်သမားအသင်းသည်တောင်သူလယ်သမားဦးစီးများအတွက်စိုက်ပျိုးလည်ပတ်နိုင်ရန်အတွက် ဆောင်ရွက်နေပါသည်။ မြစိမ်းရောင်အဖွဲ့အစည်းများသည် ကျေးရွာ၏ စီးပွားရေး

လုပ်ငန်းများအား တိုးချဲ့လုပ်ဆောင်ခြင်း၊ ကျေးရွာ၏ အရင်းမပျောက်လည်ပတ်ရန်ပုံငွေ အဖြစ် ထုတ်ချေးထားသည်ကို တွေ့ရှိရပါသည်။

ကျေးရွာပြင်ပအဖွဲ့အစည်းဖြစ်သော မြို့နယ်ထွေအုပ်၊ သမဘဏ်၊ စိုက်ပျိုးရေးဘဏ်၊ မြစိမ်းရောင်၊ ကျန်းမာရေးဌာန၊ကျေးလက်ဖွံ့ ဖြိုးရေးဌာန၊ ပညာရေးဌာနများသည်လည်း၊ ကျေးရွာ အဖွဲ့အစည်းများနှင့် ကဏ္ဍအသီးသီးတွင် ချိတ်ဆက်ဆောင်ရွက်နေသည်ကိုလဲ တွေ့ရှိရပါသည်။

**၅။ ပင့်ကူအိမ် သုံးသပ်ချက်။**



## သုံးသပ်ချက်

**ပညာရေး** အမျိုးသားများနှင့် အမျိုးသမီးများသည် ပညာရေးတွင်တန်းတူအခွင့်ရေး ရရှိသည်ကို တွေ့ရှိရပါသည်။

**ဝင်ငွေရရှိမှု** အမျိုးသားများသည်အမျိုးသမီးများထက်ပို၍ဝင်ငွေရှာဖွေနိုင်ပါသည်။ အဘယ့်ကြောင့်ဆိုသော်မြန်မာလူမျိုးတို့၏ရှေးရိုးစွဲအစဉ်အလာကြောင့်အမျိုးသမီးများအား အိမ်မှုကိစ္စများသာ လုပ်ဆောင်ရမည်ဟု ယူဆသောကြောင့်ဖြစ်ပါသည်။

**အသင်းအဖွဲ့များတွင်ပါဝင်မှု** အမျိုးသားများသည် အမျိုးသမီးများထက် အသင်းအဖွဲ့များတွင် ပိုမိုလုပ်ကိုင်ဆောင်ရွက်နေသည်ကို တွေ့ရှိရပါသည်။

**ဦးဆောင်နိုင်မှု** ကျေးရွာ၏ဘာသာရေး၊ သာသနာရေး အစရှိသည်တို့တွင် အမျိုးသမီးများ၏ ဦးဆောင်နိုင်မှုမှာမြန်မာ့ထုံးတမ်းအစဉ်လာအရအမျိုးသားများကသာဦးဆောင်နေသည်ကို တွေ့ရှိရပါသည်။


**လူမှုရေး** လူမှုရေးလုပ်ငန်းများတွင် အမျိုးသား၊အမျိုးသမီး ပါဝင်မှုမှာတူညီလုနည်းပါး ရှိပါသည်။


**အိမ်မှုကိစ္စ**-အမျိုးသားများသည် အိမ်မှုကိစ္စအပေါ်တွင် ပူးပေါင်းပါဝင်မှုရှိသည်ကိုလဲ တွေ့ရှိရပါသည်။သို့သော်လည်း အနည်းငယ်သာ ကူညီကြောင်းတွေ့ရပါသည်။

**ကျန်းမာရေး** အမျိုးသားနှင့် အမျိုးသမီး တန်းတူ အသိပညာဗဟုသုတ များ လက်လှမ်းမှီပါသည်။

**အလုပ်ကိုင်အခွင့်လမ်း** ကျေးရွာအတွင်းအမျိုးသားများနှင့် အမျိုးသမီးများသည် အလုပ်အကိုင် အခွင်အလမ်းမှာတန်းတူရရှိပါသည်။

## ၆။ ပိုင်ဆိုင်မှုသုံးသပ်ခြင်း။




ချောင်း
ဘုန်းကြီးကျောင်း
စက်ချုပ်စက်
လယ်
ကျွဲ
ဆိုင်ကယ်

**သုံးသပ်ချက်**

**ထိန်းချုပ်မှု** ကျေးရွာ၏ အရင်းအမြစ်များဖြစ်သော ပဲခွဲစက်၊ ထွန်စက်/ရိတ်စက်၊ ဘောလုံး/ခြင်းလုံး၊ဆိုင်ကယ်/စက်ဘီး နှင့် ကားစသည့် အရင်းအမြစ်များကို အမျိုးသားများမှ ထိန်းချုပ်ထားပါသည်။ အပ်ချုပ်စက်အား အမျိုးသမီးများမှ ထိန်းချုပ်ထားပြီး အမျိုးသား/အမျိုးသမီး နှစ်ဦးလုံးထိမ်းချုပ်ထားသော အရင်းအမြစ်များမှာ ရေတွင်း /ရေကန်၊ လယ်၊ အိမ်၊ ခြံဝင်း၊ ဘုန်းတော်ကြီးကျောင်းစသည်တို့ကို ထိန်းချုပ်ထားပါသည်။

**အသုံးပြုမှု** ကျေးရွာ၏ အရင်းအမြစ်ဖြစ်သော ကား၊ ဘောလုံး/ခြင်းလုံး၊ ပဲခွဲစက်၊ ထွန်စက်၊ ရိတ်စက်၊ စသည်တို့ကို အမျိုးသားများအသုံးပြုပြီး အပ်ချုပ်စက်အား အမျိုးသမီးများသာ အသုံးပြု၍ အမျိုးသား/အမျိုးသမီး နှစ်ဦးလုံးအသုံးပြုသော အရင်းအမြစ်များမှာ ဘုန်းတော်ကြီးကျောင်း၊ စက်ဘီး/ဆိုင်ကယ် ၊ ရေတွင်း/ရေကန်၊ လယ်နှင့် အိမ်ခြံဝင်းတို့ကို အသုံးပြုကြပါသည်။

## အမျိုးသမီးကဏ္ဍ အစည်းအဝေးမှတ်တမ်း နှင့် စစ်ဆေးရမည့်အချက်များ

### ၁။ အမျိုးသမီးကဏ္ဍ အစည်းအဝေးမှတ်တမ်း

ကျေးရွာမိတ်ဆက်အစည်းအဝေးပြုလုပ်ရန် ဖိတ်ကြားရာတွင် အစည်းအဝေးတွင် အမျိုးသမီး အချိုးညီစွာ ပါဝင်ရန် သက်ဆိုင်ရာ ကော်မတီသို့ ပြောကြားခဲ့ပါသည်။ ပထမအကြိမ် မိတ်ဆက်အစည်းအဝေးတွင် အစည်းအဝေးတိုင်းတွင် အမျိုးသမီးများ အချိုးညီစွာ တက်ရောက်ရန် ပြောကြားခဲ့ပါသည်။ အစည်းအဝေးတိုင်းတွင်လည်း အမျိုးသမီးများမှ ပြောကြားလိုသော အချက်များကို လွတ်လပ် ပွင့်လင်းစွာ ပြောဆိုခွင့်ရှိကြောင်းကိုလည်း ပြောကြားထားပါသည်။

ကျေးရွာအုပ်စုအဆင့်တွင် နှစ်စဉ်ပြုလုပ်သော လုပ်ငန်းများတွင် အမျိုးသမီးများမှ တင်ပြဆောင်းဆိုထားသော လုပ်ငန်းတစ်ခုပါဝင်ရမည် ဖြစ်ကြောင်းကိုလည်း ပြောကြားခဲ့ပါသည်။ လုပ်ငန်းခွဲများ အကော်အထည်ဖော် ဆောင်ရွက်ရာတွင်လည်း လူထုလုပ်အားဖြင့် ဆောင်ရွက်သော လုပ်ငန်းများ ဖြစ်ပါက တူညီသော လုပ်ငန်းအတွက် တူညီသော လုပ်အားခများ ပေးချေရမည်ကိုလည်း ပြောကြားခဲ့ပါသည်။ စီမံကိန်း၏ ကဏ္ဍတိုင်းတွင် အမျိုးသမီးများ အခန်းကဏ္ဍကို ထည့်သွင်းထားပြီး အမျိုးသား/ အမျိုးသမီး ခွဲခြားမှုများ မရှိစေရန် ရည်ရွယ်ထားသည်ကို ရှင်းလင်းပြောကြားမှုများ ပြုလုပ်ခဲ့ပါသည်။

အမျိုးသမီးများ၏ ဦးဆောင်နိုင်မှု နှင့် စီမံခန့်ခွဲမှု စွမ်းရည်များ တိုးတက်လာစေရန် အတွက် ကော်မတီများထဲတွင် အမျိုးသမီးများ (၅၀%) ပါဝင်ရမည်ဖြစ်ပါသည်။ ဆပ်ကော်မတီ တစ်ခုတိုင်းတွင်လည်း အနည်းဆုံး အမျိုးသမီး တစ်ဦးပါဝင်ရမည်ဖြစ်ပါသည်။ ကော်မတီထဲတွင် ပါဝင်သော အမျိုးသမီးများသည် တင်ပြဆွေးနွေးမှုများ ပြုလုပ်ခြင်း၊ ဆုံးဖြတ်ချက်များချခြင်း စသည်တို့ကို ပြုလုပ်ရမည်ဖြစ်ပါသည်။ အမျိုးသားများမှလည်း ပံ့ပိုးကူညီပေးရမည်ဖြစ်သည်။

ဒုတိယအကြိမ်အစည်းအဝေးတွင် အမျိုးသမီးများသည် မိမိတို့၏ လိုအပ်ချက် အခက်အခဲများကို လွတ်လပ်စွာဆွေးနွေးနိုင်ရန်အတွက် အမျိုးသမီးသီးသန့် အုပ်စုများဖွဲ့၍ အခက်အခဲများ ဖော်ထုတ်ခြင်းလုပ်ငန်းကိုလည်း လုပ်ကိုင်ခဲ့ပါသည်။

## ၂။ ကျေးရွာမိတ်ဆက် အစည်းအဝေးတွင်အမျိုးသမီး ကဏ္ဍအတွက် စောင့်ကြည့်စစ်ဆေးရမည့်အချက်များ

**မေးမြန်းသည့်ရက်။** **ရက်စွဲ - ၂၄.၁.၂၀၁၇**

| စဉ် | အကြောင်းအရာ | တွေ့ရှိချက် | | မှတ်ချက် |
|---|---|---|---|---|
| | | √ | X | |
| ၁ | အစည်းအဝေးတက်ရောက်လူသူများအား ကျား၊မ ရေးရာ အခြေခံသဘောတရားများကို ရှင်းလင်းဆွေးနွေးခဲ့ပါသလား။ | √ | | |
| ၂ | စီမံကိန်းတွင် ပါဝင်သော ကျား၊မရေးရာ အကောင်အထည်ဖော်ရေး လိုအပ်ချက် (၅)ချက်ကို ရှင်းလင်းပြခဲ့ပါသလား။ | √ | | |
| ၃ | အစည်းအဝေးများခေါ်ယူရာတွင်အမျိုးသား/သမီးများအချိုးညီစွာတက်ရောက်နိုင်ရေး အတွက် အသိပေးတိုက်တွန်း စည်းရုံးခဲ့တာမျိုး ရှိပါသလား။ | √ | | |
| ၄ | အမျိုးသမီးများ၏ စကားသံများ၊ ပြောဆိုနိုင်ခွင့်များ ပိုမိုထွက်ပေါ်လာအောင် ဖန်တီးပေးခဲ့ပါသလား။ | √ | | |
| ၅ | ဆပ်ကော်မတီဖွဲ့များဖွဲ့စည်းရာတွင်အမျိုးသမီးများနှင့်ပါဝင်ဖွဲ့စည်းရေး၊ပူးပေါင်းပါဝင်ရေး၊ဦးဆောင်နိုင်ရေးအတွက်တွန်းအားပေးကူညီဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၆ | အစည်းအဝေးကို အမျိုးသား/သမီးများ အလွယ်တကူပါဝင်တက်ရောက်နိုင်သော အချိန်နှင့်နေရာများကိုရွေးချယ်ခြင်း၊ထည့်သွင်းစဉ်းစားဆောင်ရွက်ခြင်းများတို့ကိုလုပ်ဆောင်ခဲ့ပါသလား။ | √ | | |
| ၇ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သောအုပ်စုများကို အစည်းအဝေးမစတင်မီ အချိန်များက ရှာဖွေဖော်ထုတ်ခဲ့တာမျိုးများ ရှိပါသလား။ | √ | | |
| ၈ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သော အမျိုးသား/သမီးများထဲမှ အချို့ကို အစည်းအဝေးတက်ရောက်နိုင်အောင် ဖိတ်ကြားဆောင်ရွက်မှုမျိုး ရှိခဲ့ပါသလား။ | √ | | |
| ၉ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သောအမျိုးသား/သမီးများနှင့် ကြုံတွေ့နေရသောအခတ် အခဲများကို သင်ဆွေနွေး မေးမြန်းခဲ့တာမျိုး ရှိပါသလား။ | √ | | |
| ၁၀ | အမျိုးသမီးများ ပြောဆိုတင်ပြနိုင်အောင် အချိန်ပေးရန်၊ ကြိုတင်စီစဉ်ဆောင်ရွက်မှုမျိုးများ ဆောင်ရွက်ခဲ့တာများ ရှိပါသလား။ | √ | | |
| ၁၁ | စီမံကိန်းလုပ်ငန်းခွဲများရှာဖွေဖော်ထုတ်ရာတွင်အမျိုးသား/သမီးများသီးခြားဆွေးနွေးဖော်ထုတ် ဆောင်ရွက်ခဲ့တာမျိုး ရှိပါသလား။ | √ | | |
| ၁၂ | ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီများဖွဲ့စည်းရာတွင် အမျိုးသမီး၊ အမျိုးသား အချိုးညီမျှစွာ (၅၀ း ၅၀) ဖွဲ့စည်းနိုင်ခဲ့ပါသလား။<br>**မဖွဲ့စည်းနိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | √ | | |

| | | | | |
|---|---|---|---|---|
| ၁၃ | ဆပ်ကော်မတီများတွင် အနည်းဆုံး အမျိုးသမီးအဖွဲ့ဝင် တစ်ဦးနှုန်းဖြင့် ပါဝင်ဖွဲ့စည်းနိုင်ခဲ့ပါသလား။ **မဖွဲ့စည်းနိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | √ | | |
| ၁၄ | ကျေးရွာ/ကျေးရွာအုပ်စု ဖွံ့ဖြိုးရေးစီမံချက် များတွင် အမျိုးသမီးများ ရွေးချယ်ဆုံးဖြတ်သည့်လုပ်ငန်းစီမံချက် အနည်းဆုံးတစ်ခုပါဝင်နိုင်ရေးအတွက် စည်းရုံး ဆွေးနွေးမှုများ ပြုလုပ်ဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၁၅ | တက်ရောက်လာသူများအား အမျိုးသမီးများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် အမျိုးသမီးများရွေးချယ်လိုက်သော ဦးစားပေးရွေးချယ်မှုများကို ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း အသိပေးပြောကြားခဲ့ပါသလား။ | √ | | |
| ၁၆ | ရွေးချယ်လိုက်သော စီမံကိန်းလုပ်ငန်းခွဲများသည် ဒေသတွင်းမှာရှိသော လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ် အုပ်စုများအပေါ် မည်သို့အကျိုးပြုနိုင် မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခြင်း၊ မှတ်တမ်းတင်ခြင်းများတို့ကို ဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၁၇ | ကျေးရွာအုပ်စုအဆင့် အစည်းအဝေးပြုလုပ်ရာတွင် အုပ်စု စီ/ထောက် ကော်မတီဝင်များကို ကျား၊မ ရေးရာလိုအပ်ချက်များ အကြောင်းကိုရှင်းလင်းပြော ကြားခဲ့ပါသလား။ | √ | | |
| ၁၈ | ကျေးရွာအုပ်စုအဆင့် အစည်းအဝေးပြုလုပ်ရာတွင် အုပ်စု စီ/ထောက် ကော်မတီဝင်များအားလုံး တက်ရောက်နိုင်မှု ရှိ/မရှိ စစ်ဆေးခဲ့ပါသလား။ **မတက်ရောက်နိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | √ | | |

## ၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ



အမျိုးသမီးအုပ်စု၏ မှတ်တမ်းဓါတ်ပုံ



အမျိုးသား အုပ်စု မှတ်တမ်းတင်ဓါတ်ပုံ။



ကော်မတီရွေးချယ်ခြင်း မှတ်တမ်းဓါတ်ပုံ



စေတနာ့ဝန်ထမ်းများ ရွေးချယ်ခြင်းမှတ်တမ်းဓါတ်ပုံ



လုပ်ငန်းခွဲ၏မပြုလုပ်မီ မှတ်တမ်းဓါတ်ပုံ



လုပ်ငန်းခွဲ၏မပြုလုပ်မီမှတ်တမ်းဓါတ်ပုံ

## ၈။ ကော်မတီဝင်များစာရင်း

| စဉ် | အမည် | လိင် | ရာထူး |
|---|---|---|---|
| ၁ | ဦးကြည်လင်း | ကျား | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ၊ ခေါင်းဆောင် |
| ၂ | ဒေါ်နန့်ဇာခြည်စိုး | မ | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ၊ ခေါင်းဆောင် |
| ၃ | ဦးသက်နိုင် | ကျား | ဝယ်ယူရေးဆပ်ကော်မတီ၊ ခေါင်းဆောင် |

| | | | |
|---|---|---|---|
| ၄ | ဒေါ်စန်းစန်းဌေး | မ | ဝယ်ယူရေးဆပ်ကော်မတီ၊ မှတ်တမ်းထိမ်း |
| ၅ | ဦးအောင်နိုင်ဟင်း | ကျား | ဝယ်ယူရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၆ | ဦးမြင့်ငွေ | ကျား | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ ခေါင်းဆောင် |
| ၇ | ဦးအုန်းမြင့် | ကျား | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၈ | ဒေါ်မြင့်မြင့်နိုင် | မ | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၉ | ဦးသန့်ဇင် | ကျား | လုပ်ငန်းလည်ပတ်ရေး နှင့် ပြုပြင်ထိန်းသိမ်းရေး ဆပ်ကော်မတီ၊ ခေါင်းဆောင် |
| ၁၀ | ဦးတင်ဖုန်းနိုင် | ကျား | လုပ်ငန်းလည်ပတ်ရေး နှင့် ပြုပြင်ထိန်းသိမ်းရေး ဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၁၁ | ဒေါ်စန္ဒာလင်း | မ | လုပ်ငန်းလည်ပတ်ရေး နှင့် ပြုပြင်ထိန်းသိမ်းရေး ဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၁၂ | ဦးမင်းမင်းထွန်း | ကျား | ဝေဖန်အကြံပြု တိုင်ကြားချက်ဖြေရှင်းရေးအဖွဲ့ |
| ၁၃ | ဒေါ်ချိုဇင်သက် | မ | ဝေဖန်အကြံပြု တိုင်ကြားချက်ဖြေရှင်းရေးအဖွဲ့ |
| ၁၄ | ဦးစိုးဟင်းကျော် | ကျား | စေတနာ့ဝန်ထမ်း |
| ၁၅ | ဦးဇော်လွင်ဦး | ကျား | စေတနာ့ဝန်ထမ်း |
| ၁၆ | ဒေါ်ခင်ပြုံးရီ | မ | စေတနာ့ဝန်ထမ်း |
| ၁၇ | ဒေါ်ကေသီနိုင် | မ | စေတနာ့ဝန်ထမ်း |
| ၁၈ | ဒေါ်ခင်မျိုးမြင့် | မ | ငွေစာရင်းကိုင် |

စုစုပေါင်း။ (၁၈) ယောက်  ကျား-(၁၀) ယောက် +မ(၈)ယောက်

**ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ**

ဦးကြည်လင်း - ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ၊ ဥက္ကဋ္ဌ
ဒေါ်ဆွေဆွေသက် - ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ၊ ဥက္ကဋ္ဌ
ဒေါ်နန့်ဇာခြည်စိုး - ဘဏ္ဍာရေးဆက်ကော်မတီဥက္ကဋ္ဌ
ဒေါ်မြင့်မြင့်ထွေး - ဘဏ္ဍာရေးဆက်ကော်မတီ၊ စာရင်းကိုင်
ဦးစန်းအောင် - ဘဏ္ဍာရေးဆက်ကော်မတီ၊ အဖွဲ့ဟင်

**မှတ်တမ်းတင်သူ**

အမည်။ ဦးစိုးထိုက်အောင်

ရာထူး။ လူထုစည်းရုံးရေးမှူး

ရက်စွဲ။ ၂၇/၁/၂၀၁၇

## ၉။ ပုံစံ စ-၁။ ကျေးရွာအချက်အလက်

### ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| | | |
|---|---|---|
| ***လမ်းညွှန်ချက်။*** ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတဆင့် ဖြည့်သွင်းရမည်။ | | |
| ကျေးရွာခေါင်းဆောင် အမည် ဦးကျော်စွာဝင်း | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် 09-799430349 | လူထုစည်းရုံးရေးမှူး၏ အမည် ဦးနိုးထိုက်အောင် |

| | | | |
|---|---|---|---|
| ပြည်နယ်၊တိုင်းဒေသကြီး ရခိုင် | မြို့နယ် ကျောက်တော် | ကျေးရွာအုပ်စု ချုံကျော် | ကျေးရွာ ချုံကျော် |

**က။ လူဦးရေ**

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ဗမာ | ၅၇၃ | ဘာသာ (၁) ဗုဒ္ဓ | ၅၇၃ |
| လူမျိုးစု (၂) ဟိန္ဒူ | ၁၀ | ဘာသာ (၂) ဟိန္ဒူ | ၁၀ |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုရော ------------- | | ဘာသာရော ------------ | |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၅ | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၇၁ | | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | ၁၀၅၇ | ၁၁၀၁ |
| လူမျိုးစု (၁)---------- | ၁၀၄၁ | ၁၀၉၂ |
| လူမျိုးစု (၂)---------- | ၁၆ | ၉ |
| လူမျိုးစု (၃)---------- | | |
| အခြား | | |
| အိမ်ထောင်ဦးစီး | ၅၅၃ | ၃၀ |

**(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ**

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | အထက်တန်းကျောင်း | ☑ | | ဆေးရုံ | ☑ | | စေတီ | ☑ |
| | အလယ်တန်းကျောင်း | ☐ | | ကျန်းမာရေးဌာန | ☑ | | ဘုန်းကြီးကျောင်း | ☑ |
| | မူလတန်းကျောင်း | ☐ | | ကျန်းမာရေးဌာနခွဲ | ☐ | | ဟိန္ဒူဘုရားကျောင်း | ☐ |
| | မူကြိုကျောင်း | ☐ | | ဆေးပေးခန်း | ☑ | | ခရစ်ယာန်ကျောင်း | ☐ |
| | အခြား | ☐ | | အခြား | ☐ | | ဗလီ | ☐ |
| | | | | | | | အခြား | ☐ |
| မှတ်ချက် အထက်တန်းကျောင်း ၁ | | | မှတ်ချက် တိုက်နယ်ဆေးရုံ | | | မှတ်ချက် | | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | | (၂) ကျန်းမာရေး | | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☑ | ☑ | | ဆရာဝန် | ☐ | ☑ | | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☑ | | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | | ပန်းရံ | ☑ | ☐ |
| အလယ်တန်းပြဆရာ/မ | ☑ | ☑ | | အမျိုးသမီးကျန်းမာရေးဆရာမ | ☑ | ☑ | | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☑ | ☐ |
| မူကြိုဆရာ/မ | ☑ | ☐ | | သားဖွားဆရာမ | ☐ | ☑ | | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☑ | | စက်ပြင်ဆရာ | ☑ | ☐ |
| မှတ်ချက် | | | | မှတ်ချက် | | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | မြေသားလမ်း | လူသွားလမ်း | အခြား ______________ |

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက် ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? ရှိပါသည်/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? နှစ်--------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင်--------/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်----------------- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှေ/မော်တော်ဘုတ်/ အခြား ------------------

မိုးရာသီတွင်ကြာချိန်---------------------------- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှေ/မော်တော်ဘုတ်/ အခြား ------------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည် ရှိလျှင်ဖော်ပြပါ ---နာဂရစ် မုန်တိုင်း---

(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) ---မြေဆီမြေ ရောင် စိမ်းတိုင်း---

(၂) ---သက်ဆ် မြန်မာ စိမ်းတိုင်း---

(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည်

ကျေးရွာခေါင်းဆောင် အမည် ဦးကျော်စွာဝင်း

လက်မှတ် [signature] နေ့စွဲ 21.1.2014.

ဦးကျော်စွာဝင်း
ကျုံတန်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး
ကျောက်တန်းမြို့

လူထုစည်းရုံးရေးမှူး အမည် ဦးစိုးဝိုင်ထွန်းအောင်

လက်မှတ် [signature] နေ့စွဲ ၂၁.၁.၂၀၁၄

## ၁၁။ ပုံစံ စ-၃။ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ်

ပုံစံ - စ- ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် ( Form PC 3 )

| | |
|---|---|
| လမ်းညွှန်ချက်၊ အဆင့် ( ၃ ) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသည့်အခါ ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီသည် လူထုစည်းရုံးရေးမှူး အကူအညီဖြင့် ဤပုံစံကို ပြည့်စုံအောင် ဖြည့်သွင်းရမည်။ | |
| လူထုစည်းရုံးရေးမှူးအမည် / ဝန်ထမ်းအမည် ဦးစိုးထိုက်အောင် | |
| နေ့စွဲ ၂၅.၁.၂၀၁၇ | စက်ဝန်းအား အမှတ်ခြစ်ပါ (√) ☑ စက်ဝန်း ( ၁ ) ☐ စက်ဝန်း ( ၂ ) ☐ စက်ဝန်း ( ၃ ) ☐ စက်ဝန်း ( ၄ ) |
| ပြည်နယ် / တိုင်း ရခိုင် \| မြို့နယ် ကျောက်တော် | ကျေးရွာအုပ်စု ကျဲကြက် \| ကျေးရွာ ကျဲကြက် |

က။ အခက်အခဲအတားအဆီးများအား ဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ ( အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ( ၅ )ခုစီဖေါ်ပြပါ။

| | အမျိုးသားအဖွဲ့မှ တင်ပြသော အခက်အခဲအတားအဆီးများ | | အမျိုးသားအဖွဲ့မှ တင်ပြသော အခက်အခဲအတားအဆီးများ |
|---|---|---|---|
| ၁ | အလုပ်အကိုင်ရှားပါးခြင်း | ၁ | လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်း |
| ၂ | လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်း | ၂ | သောက်သုံးရေ ခက်ခဲခြင်း |
| ၃ | သောက်သုံးရေ လုံလောက်စွာ ရရှိရန်ခက်ခဲခြင်း | ၃ | အလုပ်အကိုင်အခွင့်လမ်း နည်းပါးခြင်း |
| ၄ | ကျန်းမာရေးနှင့် ပတ်သက်၍ ခက်ခဲခြင်း | ၄ | စိုက်ပျိုးရေး ခက်ခဲခြင်း |
| ၅ | စိုက်ပျိုးရေး နည်းပညာနှင့်စက်ပစ္စည်း အခက်အခဲရှိခြင်း | ၅ | |

ခ။ မျှော်မှန်းခြင်း - နောက်လာမည့် ( ၅ )နှစ်အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းချက်များအား တင်ပြပါ။

| | အမျိုးသားအဖွဲ့မှ တင်ပြသော မျှော်မှန်းချက်များ | | အမျိုးသားအဖွဲ့မှ မျှော်မှန်းချက်များ |
|---|---|---|---|
| ၁ | ငွေရရှိမည့် အလုပ်အကိုင် အခွင့်အလမ်းများ ပေါ်များလာစေရန် | ၁ | စက်ရုံအလုပ်ရုံများ ဖြစ်ပေါ်လာရန် |
| ၂ | ရာသီမရွေး အသုံးပြုနိုင်သော အားကစားကွင်း | ၂ | အိမ်တွင်းစက်မှု၊ လက်မှုသင်တန်းများ ဖြစ်ပေါ်လာရန် |
| ၃ | သန့်ရှင်းသော သောက်သုံးရေအတွက် နှစ်ရှည် အသုံးပြုနိုင်မည့် ရေကန်များ ဖြစ်ပေါ်စေရန် | ၃ | အရင်းအနှီး မတည်ငွေ ရရှိရန် မျှော်မှန်း |
| ၄ | နိုင်ငံတကာနှင့်ယှဉ်နိုင်သော စာသင်ကျောင်း ဖြစ်လာရန် | ၄ | လမ်းပန်းဆက်သွယ်ရေးများ ကောင်းမွန်လာစေရန် |
| ၅ | လမ်းပန်း ချောမောစွာ ချောမွေ့စွာ သွားလာနိုင်ရန် | ၅ | ခေတ်မှီစာကြည့်တိုက် ဖြစ်ပေါ်လာရန် |

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၄ ) နှစ်အတွက် အကျိုးဝင်သော ဦးစားပေးဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းအစီစဉ်များ အားဖေါ်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေးဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ ( အမျိုးသားများ/ အမျိုးသမီးများ/ အမျိုးသား + အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းအရေအတွက် |
|---|---|---|---|---|
| ၁. | ကျေးရွာအတွင်း လမ်းကြီးနှင့် လမ်းသွယ်လမ်း ကွန်ကရစ်ခင်းရန် | အမျိုးသား + အမျိုးသမီး | ၃၀,၀၀၀,၀၀၀ | |
| ၂. | အ.ထ.က ကျောင်းဆောင်နှင့် ခြံစည်းရိုးနှင့် ရေချိုးကန် ရရှိရန် | အမျိုးသား + အမျိုးသမီး | ၇,၀၀၀,၀၀၀ | |
| ၃. | မူကြို ကျောင်းခြံစည်းရိုးနှင့် ကလေးကစားကွင်း | အမျိုးသမီး | ၁၅၀၀,၀၀၀ | |
| ၄. | နိုင်ငံတကာ အဆင့်မီ စာသင်ကျောင်း ဖြစ်ပေါ်လာရန် | အမျိုးသား | | |
| ၅. | ကျေးရွာ အားကစားကွင်း ဖြစ်ပေါ်လာရန် | အမျိုးသား | | |

| အမျိုးသားများ အဖွဲ့မှ တင်ပြသော အခက်အခဲ အတားအဆီးများ | | အမျိုးသမီးများ တင်ပြသော အခက်အခဲ အတားအဆီးများ | |
|---|---|---|---|
| ၆ | ဆန်စပါး နှင့် ပဲများ ရောင်းချ ရန်ခက်ခဲခြင်း | | |
| ၇ | စိုက်ပျိုးရေး ချေးငွေ လုံလောက်စွာ ရရှိရန် ခက်ခဲခြင်း | | |

| အမျိုးသား အဖွဲ့မှ တင်ပြသော မျှော်မှန်းချက်များ | | အမျိုးသမီး အဖွဲ့မှ တင်ပြသော မျှော်မှန်းချက်များ | |
|---|---|---|---|
| ၆. | ဝါးပင်ခြံ မြေမရှိသူများ ကိုယ်ပိုင် ဝါးပင်ခြံမြေ များ ရရှိရန် | ၆ | စက်ရေတွင်း သောက်သုံးရေကန်များ များပြားလာစေရန် |
| ၇. | လယ်ယာကုန်စည် ဈေးများ အဆင်ပြေ လာစေရန် | ၇. | မူကြို ကျောင်းများ အဆင့်မြှင့်လာစေရန် |
| ၈. | လယ်ယာ လုပ်ငန်းခွင်တွင် ခေတ်မီလုပ်ထားသော စက်များ ချေးငွေ ရရှိစေရန် | | |
| ၉ | လယ်ယာ သွင်းကုန် ပစ္စည်းများ ဈေးနှုန်း သက်သာစွာ သုံးစွဲခွင့် ရရန် | | |
| ၁၀ | ကျေးရွာ အမြဲတမ်း (နေ့စဉ်) သုံးစွဲသော ... ဖြစ်ပေါ်လာရန် နှင့် စက်ရေတွင်း ရရှိရန် | | |

၈။ ရှေ့စဉ်စီမံကိန်း၏ လာမည့် (၄-၅)နှစ် အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များ

| စဉ် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အကျိုးပြုသူ အမျိုးသား/သမီး များ အမျိုးသား + အမျိုးသမီး | ခန့်မှန်းကုန် ကျစရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်း အရေအတွက် |
|---|---|---|---|---|
| ၆ | စက်ရေတွင်း နှင့် သောက်ရေကန် များ ပြုပြင်ပေးရန် | အမျိုးသား + အမျိုးသမီး | | |
| ၇ | ရွာနှင့် ကွင်းထဲသို့ ထွက်သော ကြောင်းကူး တံတား ပြုပြင်ပေးရန် | အမျိုးသမီး + အမျိုးသား | | |
| ၈ | စာကြည့်တိုက် အဆောက်အအုံ ပစ္စည်းများ ရရှိစေရန် | အမျိုးသမီး | | |

(၁၁) ရှေ့စဉ်စီမံကိန်း၏ လာမည့် (၄-၅)နှစ် အတွက် အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များ အား ဖော်ပြပါ။

| စဉ် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အကျိုးပြုသူ (အမျိုးသားများ / အမျိုးသမီးများ / အမျိုးသား + အမျိုးသမီး ၂) | ခန့်မှန်း ကုန် ကျစရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်း အရေအတွက် |
|---|---|---|---|---|
| ၆ | လယ်ယာသွင်း ... ဝါးပင်များ လျှပ်စစ်မီး ရရှိရန် | အမျိုးသား | | |
| ၇. | အိမ်ပိုင် မြေပိုင်များ ရရှိစေရန် | အမျိုးသား | | |
| | | | | |

ဃ။ လူထုစီမံကိန်း၏ လာမည့် ( ၄ ) နှစ်အတွက် အကျိုးမဝင်သော ဦးစားပေးဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်း အစီစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေးဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ ( အမျိုးသားများ/ အမျိုးသမီးများ/ အမျိုးသား + အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁. | အလုပ်အကိုင်အခွင့်အလမ်း ရရှိရန် | အမျိုးသား + အမျိုးသမီး | |
| ၂. | လယ်ယာသွင်းအားစု ဈေးငွေ လုံလောက်စွာ ရရှိရန် | အမျိုးသား | |
| ၃. | အရင်းအနှီးချေးငွေ ရရှိရန် | အမျိုးသမီး | |
| ၄. | လယ်ယာသုံးစက်ကိရိယာ ... များ အသုံးပြုနိုင်ရေး | အမျိုးသား | |
| ၅. | သက်မွေးဝမ်းကျောင်းများ ဖြစ်ပေါ်လာရန် | အမျိုးသမီး | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီမှ အတည်ပြုသည်။

အမည်-- ဦးကျော်လင်း --- လက်မှတ်---- [signature] ---- နေ့စွဲ- ၂၅ . ၁ . ၂၀၁၇ ----

လူထုဗဟိုပြုစီမံကိန်း

ရန်ကုန်တိုင်းဒေသကြီး၊ကျောက်တန်းမြို့နယ်

ကျေးရွာအစည်းအဝေးမှတ်တမ်း

| | |
|---|---|
| ကျေးရွာ | ကျုံကော် |
| ကျေးရွာအုပ်စု | ကျုံကော် |
| အစည်းအဝေးပြုလုပ်သည့်နေရာ | ကျုံကော်ကျေးရွာ ဘုန်းကြီးကျောင်း |
| အစည်းအဝေးပြုလုပ်သည့်နေ့ရက် | ၂၂.၁.၂၀၁၇ |
| အစည်းအဝေးပြုလုပ်အသည့်အကြောင်းအရာ | ပထမအကြိမ် စီမံကိန်း မိတ်ဆက်အစည်းအဝေး |

အစည်းအဝေးတက်ရောက်သူဦးရေ။ ။ကျား (၇၆)ဦး ၊မ ( ၄၀ )ဦး= (၁၁၆) ဦး

ရည်ရွယ်ချက်။ ဆွေးနွေးချက်၊ဆုံးဖြတ်ချက်၊သဘောတူညီချက်၊မှတ်တမ်းတင်သူပါဝင်ရမည်။

ကျေးရွာလူထုမှ လူထုဗဟိုပြုစီမံကိန်းနှင့် ပတ်သက်၍ သိရှိစေရန်၊ အားလုံးပူးပေါင်းပါဝင်စေရန် နှင့် ကျေးရွာအတွက် စေတနာ့ဝန်ထမ်းများ ထွက်ပေါ်လာစေရန်။

ဆွေးနွေးချက်။ ။ ကျေးရွာရပ်မိရပ်ဖ ဦးကျော်စွာဝင်း မှ လူထုဗဟိုပြုစီမံကိန်းသည် ကျေးရွာရှိ လူထုအားလုံးကို အခြေပြု၍ ကျေးရွာဖွံ့ဖြိုးရေးပြုလုပ်ရန် ရောက်ရှိလာသော စီမံကိန်း တစ်ခုဖြစ်ကြောင်း ကျေးရွာသူ/သားများကလည်း အစည်းအဝေးကို အချိန်ပေး၍ တက်ရောက်ပြီး ယခုစီမံကိန်းတွင် ပူးပေါင်းပါဝင်ပေးပါရန် ပြောကြားပေးပါသည်။

ဆွေးနွေးချက်။ ။ လူထုဗဟိုပြုစီမံကိန်းမှ လူထုစည်းရုံးရေးမှူး ဦးစိုးထိုက်အောင်မှ ကျေးရွာသူ/သားများ အားမိတ်ဆက်၍ စီမံကိန်း စတင်ဖြစ်ပေါ်လာပုံနှင့် ကျေးရွာသူ/သား အားလုံး အခြား ယခုပြုလုပ် မည့်စီမံကိန်းသည် အားလုံးနှင့် သက်ဆိုင်ကြောင်းကို ရှင်းပြပြီး၊ အားလုံးပူးပေါင်းပါဝင်ပေး ကြပါရန်နှင့် အထူးပူးပေါင်းပါဝင်မှသာ ကျေးရွာအတွက် ဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင် နိုင်မည်ဖြစ်ကြောင်း ထို့ကြောင့် အားလုံးပူးပေါင်းပါဝင်ပေးကြပါရန် ပြောကြားခဲ့ပါသည်။

ဆွေးနွေးချက်။ ။ လူထုဗဟိုပြုစီမံကိန်း မိတ်ဆက် (၁၇) ချက်ကို လူထုစည်းရုံးရေးမှူး ဦးစိုးထိုက်အောင်မှ အသေးစိတ်ရှင်းပြခဲ့သည်။

ဆွေးနွေးချက်။ ။ လူထုစည်းရုံးရေးမှူး ဦးစိုးထိုက်အောင်မှ စီမံကိန်းစက်ဝန်းကို ရှင်းပြခဲ့ပါသည်။ စီမံကိန်းစက်ဝန်းတွင် အပိုင်း (၆) ပိုင်းရှိပြီး အဆင့် ၁၄ ဆင့်ပါဝင်ကြောင်းနှင့် အပိုင်း ၁ ပိုင်းခြင်းစီတွင် ပါဝင်သော လုပ်ဆောင်မှုများကို အသေးစိတ်ရှင်းပြခဲ့သည်။ ဆက်လက်၍ အဓိကတာဝန်ရှိသူများနှင့် ငွေထိန်း တာဝန်ဝတ္တရားများကို ရှင်းပြခဲ့သည်။

" " ထို့နောက် လူထုစည်းရုံးရေးမှူး ဦးစိုးထိုက်အောင်မှ ရှင်းပြသည်များကို မရှင်းလင်း နားမလည်ပါက
ပြန်လည်မေးမြန်းနိုင်ကြောင်း ပြောကြားပြီး ကျေးရွာလူထုမှ နားလည်ကြောင်း ပြောသဖြင့်
ရှင်းပြသည်များကို ပြန်လည်အနှစ်ချုပ် ပြောကြားခဲ့ပါသည်။"

ဆွေးနွေးချက် ။ ဆုံးဖြတ်ချက် သဘောတူညီမှုများ

" လူထုစည်းရုံးရေးမှူး ဦးစိုးထိုက်အောင်မှ ပထမဦးစွာ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင်နိုင်ရန်အတွက် စေတနာ့ဝန်ထမ်းကို စတင်ရွေးချယ်ရမည်ဖြစ်ကြောင်း ပြောကြားပြီး စေတနာ့ဝန်ထမ်းများ၏ သတ်မှတ်ချက်များနှင့် ဝတ္တရားများကို ပြောပြပြီး အမှန်တကယ် လုပ်ကိုင်နိုင်မည့်သူကို ကျေးရွာလူထု ကိုယ်တိုင် ရွေးချယ်တင်မြှောက်ရမည်ဖြစ်ပြီး မျိုး ဂျန်ဒါစနစ်ဖြင့် ရွေးချယ်ရမည်ဖြစ်ကြောင်းကို ရှင်းပြခဲ့သည်။ ထို့နောက် ကျေးရွာလူထုမှ ကျား ၂ ဦး၊ မ ၂ ဦး ကို ရွေးချယ်ပေးရန် ပြောသောကြောင့် အဆိုပြုတင်သွင်းပေးရန် ပြောကြားရာ ရွာလူထုမှ ကျား ၃ ဦး အဖြစ် ဦးစိုးဝင်းကျော်၊ ဦးအောင်လွင်ဦး နှင့် ဦးတင်သန်းနိုင်၊ မ ၃ ဦး အဖြစ် ဒေါ်ခင်မျိုးမြင့်၊ ဒေါ်စန်းစန်းဌေး၊ ဒေါ်ခင်ပြုံးရီ ဒေါ်ကေသီခိုင် နှင့် ဒေါ်မြင့်မြင့်ထွေး တို့ကို အဆိုပြုခဲ့ပါသည်။ ထိုသူများကို မဲပေး ရွေးချယ်ခဲ့ရာ အမျိုးသား စေတနာ့ဝန်ထမ်း အဖြစ် ဦးစိုးဝင်းကျော် နှင့် ဦးအောင်လွင်ဦး တို့ ရွေးချယ်ခံရပြီး အမျိုးသမီး စေတနာ့ဝန်ထမ်း အဖြစ် ဒေါ်ခင်ပြုံးရီ နှင့် ဒေါ်ကေသီခိုင် တို့ ရွေးချယ်ခံရပါသည်။ စေတနာ့ဝန်ထမ်းရွေးချယ်ပြီးနောက် ဦးစိုးထိုက်အောင် (လူထုစည်းရုံးရေးမှူး) မှ ကျေးရွာလူထုအား ကျေးဇူးတင်ကြောင်း ပြောကြားပြီး လူထုမပါဝင်ပြုစီမံကိန်း၊ ပထမအကြိမ်ကျေးရွာလူထုအစည်းအဝေးကို အောင်မြင်စွာ ရုပ်သိမ်းခဲ့ပါသည်။

မှတ်တမ်းတင်သူ
(ဦးစိုးထိုက်အောင်)

လူထုဗဟိုပြုစီမံကိန်း

ရန်ကုန်တိုင်းဒေသကြီး၊ကျောက်တန်းမြို့နယ်

ကျေးရွာအစည်းအဝေးမှတ်တမ်း

ကျေးရွာ ------------------------------ ကျုံတော်

ကျေးရွာအုပ်စု ------------------------------ ကျုံတော်

အစည်းအဝေးပြုလုပ်သည့်နေရာ ------------------------------ ကျုံတော်ကျေးရွာ ဘုန်းကြီးကျောင်း

အစည်းအဝေးပြုလုပ်သည့်နေ့ရက် ------------------------------ ၂၅ . ၁ . ၂၀၁၇

အစည်းအဝေးပြုလုပ်အသည့်အကြောင်းအရာ ------------------------------ ဒုတိယအကြိမ် အစည်းအဝေးပြုလုပ်ခြင်း

အစည်းအဝေးတက်ရောက်သူဦးရေ။ ။ကျား (၁၆၁)ဦး ၊မ ( ၉၅ )ဦး= (၂၅၆) ဦး

ရည်ရွယ်ချက်။ ဆွေးနွေးချက်၊ဆုံးဖြတ်ချက်၊သဘောတူညီချက်၊မှတ်တမ်းတင်သူပါဝင်ရမည်။

ကျေးရွာရှိအမျိုးသားနှင့်အမျိုးသမီးများ၏ အခက်အခဲများသိရှိစေရန်၊ မျှော်မှန်းချက်များသိရှိစေရန် ဖွံ့ဖြိုးရေးဦးစားပေးလုပ်ငန်းများ ထွက်ပေါ်လာစေရန်နှင့် စီမံကိန်းအထောက်အကူပြုကော်မတီများ ထွက်ပေါ်လာစေရန်။

ဆွေးနွေးချက်။ ။ ဦးဆိုးထိုက်အောင် (လူထုစုစည်းရေးမှူး) မှ ကျေးရွာလူထုအား ပြန်လည်မိတ်ဆက်ပြီး၊ အမျိုးသားနှင့်အမျိုးသမီးများကို သီးခြားခွဲစေ၍ ၎င်းတို့၏ကြုံတွေ့နေရသော အခက်အခဲများ ကျေးရွာအတွက် မျှော်မှန်းချက်များကို ဖော်ထုတ်ခဲ့သည်။ ၎င်းအခက်အခဲများမှ မျှော်မှန်းချက်များသို့ ရောက်ရှိရန် စီမံကိန်းလုပ်ငန်းများ ထွက်ပေါ်လာမှသာ ရရှိနိုင်မည်ဖြစ်ကြောင်း ပြောကြားပြီး ၊အမျိုးသား၊အမျိုးသမီးများ ရွေးချယ်ပေးသော ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရွေးချယ်ပြီး တူညီသောလုပ်ငန်းများကို ပေါင်းစည်းကာ ကျေးရွာလူထုအား ပွင့်လင်းမြင်သာမှုရှိစွာဖြင့် မဲပေးစနစ်ဖြင့် ဦးစားပေးအဆင့်များကို သတ်မှတ်ခဲ့သည်။

ဆုံးဖြတ်ချက် ။ သဘောတူညီချက် ။ မဲပေးရွေးချယ်ရာတွင် ဦးစားပေး(၁) ရွာတွင်းလမ်းများ ၊ ဦးစားပေးလုပ်ငန်း(၂) အ.မ.က အနောက်တွင် ခြံစည်းရိုးနှင့်စက်ရေတွင်း၊ ဦးစားပေး(၃) အလုပ်အကိုင်အခွင့်အလမ်း၊ ဦးစားပေး(၄) မူကြိုကျောင်းအဆင့်မြှင့်တင်ရန်၊ ဦးစားပေး(၅) လယ်ယာသွင်းကုန်များချေးငွေ လုံလောက်စွာရရှိရန်၊ ဦးစားပေး(၆) နိုင်ငံတကာအဆင့်မီ ဘာသာကျောင်းဖြစ်ပေါ်လာရန်၊ ဦးစားပေး(၇) ကျေးရွာကားလမ်း၊ ဦးစားပေး(၈)

ဦးစားပေးလုပ်ငန်းများကို ရွေးချယ်ခဲ့ပြီးသည်။ ထို့နောက် စီမံကိန်းနှင့်အကျုံးဝင်သောလုပ်ငန်း အကျုံးမဝင်သောလုပ်ငန်းများကို ကျေးရွာလူထုအား သိရှိစေရန် ပြောကြားပြီး အကျုံးမဝင်သော

။ ။ လုပ်ငန်းများကိုလဲ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ထဲတွင် ထည့်ထားပေးမည်ဖြစ်ကြောင်း၊ ကျေးရွာလူထုသိရှိစေရန် ပြန်လည်ရှင်းပြပေးခဲ့သည်။

။ ။ ကျေးရွာဦးစားပေးလုပ်ငန်းများကို စီမံခန့်ခွဲနိုင်ရန်နှင့် အကောင်အထည်ဖော်ရန် အတွက် စီမံကိန်းအထောက်အကူပြုကော်မတီများ ရှိမှသာ လုပ်ဆောင်နိုင်မည် ဖြစ်ကြောင်းကို ပြောကြား၍ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ တစ်ခုချင်းစီကို ရွေးချယ်ရမည်ဖြစ်ကြောင်းကို ပြောကြားခဲ့သည်။ ထို့နောက် ဦးစွာ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီအဖွဲ့များ ရွေးချယ်ခြင်း ကော်မတီတစ်ဖွဲ့ချင်းစီ၏ တာဝန်ဝတ္တရားများကို ရှင်းပြခဲ့သည်။ ပထမဆုံးအနေဖြင့် ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ ရွေးချယ်ခြင်းဖြစ်ပြီး ကျား(၁)ဦး၊ မ(၁)ဦး ကို ရွေးချယ်ရမည်ဖြစ်ကြောင်း ထို့ကြောင့် ကျေးရွာလူထုမှ ကျား(၃)ဦး၊ မ(၃)ဦး ကို အဆိုပြုတင်သွင်းပေးရန်ပြောကြားရာ ဦးကြည်လင်း၊ ဦးအောင်နိုင်ဝင်း၊ ဦးခင်မောင်ဌေး၊ ဒေါ်ချိုခင်သက်၊ ဒေါ်နှင်းဇာခြည်စိုး၊ ဒေါ်စန်းစန်းဌေး တို့အား အဆိုပြုခဲ့ကြသည်။ ထို့နောက် မဲထည့်ခြင်းဖြင့် ရွေးချယ်ရာ အမျိုးသားမှ ဦးကြည်လင်း နှင့် အမျိုးသမီးမှ ဒေါ်နှင်းဇာခြည်စိုး တို့ က ရွေးချယ်ခံရပါသည်။ ပြီးနောက် ကျေးရွာစာရင်းကိုင်ရွေးချယ်ရန်အတွက် ကျေးရွာလူထုကို အမျိုးသား နှင့် အမျိုးသမီးမှ (၁)ဦး ကို ရွေးချယ်ပေးရန်ပြောဆိုမေးမြန်းရာ အမျိုးသမီး ကိုသာ စာရင်းကိုင်အဖြစ်ရွေးချယ်မည်ဟု ပြောသဖြင့် အမျိုးသမီး(၃)ဦး ကို အဆိုပြုသော ဒေါ်ခင်မျိုးမြင့်၊ ဒေါ်စန်းစန်းဌေး နှင့် ဒေါ်ဇာခြည်စိုး တို့ကို အဆိုပြုခဲ့သည်။ မဲပေးရွေးချယ်ရာ ဒေါ်ခင်မျိုးမြင့် က ရွေးချယ်ခံခဲ့ရပါသည်။ ဝယ်ယူရေးဆပ်ကော်မတီကို ဆက်လက်ရွေးချယ်ရာ ဦးအောင်နိုင်ဝင်း၊ ဦးသက်နိုင်၊ ဦးတင်ထွန်းနိုင်၊ ဒေါ်စန်းစန်းဌေး၊ ဒေါ်ခိုင်စန္ဒာလင်း တို့ကို အဆိုပြုပြီး ရွေးချယ်ခဲ့ရာ ဦးသက်နိုင် က ဝယ်ယူရေးခေါင်းဆောင်၊ ဒေါ်ခိုင်စန္ဒာလင်း က ဝယ်ယူရေးမှတ်တမ်းထိန်း နှင့် ဦးအောင်နိုင်ဝင်း က ဝယ်ယူရေးအဖွဲ့ဝင်အဖြစ် ရွေးချယ်ခံရပါသည်။ သုံးသပ်ထိန်းသိမ်းရေး ကော်မတီ ရွေးချယ်ရန်အတွက် ကျေးရွာလူထုမှ ကျား(၁)ဦး၊ မ(၂)ဦး ကို ရွေးချယ်ရန်ပြောသည့်အခါ ကျေးရွာလူထုမှ အမျိုးသား(၂)ဦး၊ အမျိုးသမီး(၁)ဦး ကိုသာ ရွေးချယ်ပေးပါရန် ပြောသောကြောင့် ကျား(၂)ဦး၊ မ(၁)ဦး

" " ကိုအဆိုပြုရာ ဦးသန့်ဇင်၊ ဦးတင်ဘုန်းနိုင်၊ ဦးနေလင်းအောင်၊ ဒေါ်မြင့်မြင့်ခိုင် နှင့် ဒေါ်စန္ဒာလင်း တို့ကိုအဆိုပြုခဲ့သည်။ မဲပေးရွေးချယ်ရာ ဦးသန့်ဇင်၊ ဦးတင်ဘုန်းနိုင်နှင့်ဒေါ်စန္ဒာလင်း တို့ ရွေးချယ်ခံရပါသည်။ စောင့်ကြည့်ကြီးကြပ်ရေးဆွဲကော်မတီတွင်လည်း ကျား ၃ ဦး၊ မ ၂ ဦး ကိုအဆိုပြုတင်သွင်းရာ ဦးမင်းမင်းထွန်း၊ ဦးမြင့်ငွေ၊ ဦးအုန်းမြင့်၊ ဒေါ်မြင့်မြင့်ခိုင် နှင့်ဒေါ်ချိုဇင်သက် တို့ကို အဆိုပြုခဲ့သည်။ မဲပေး ရွေးချယ်ရာ ဦးမြင့်ငွေ၊ ဦးအုန်းမြင့် နှင့်ဒေါ်မြင့်မြင့်ခိုင် တို့ရွေးချယ်ခံရပါသည်။ ဝယ်ဖန်အကြံပြုကော်မတီကိုဆက်လက်ရွေးချယ်ရာ ကျေးရွာလူထုမှ ကျား ၁ ဦး၊ မ ၁ ဦး ကို ရွေးချယ်ပေးရန် ပြောသောကြောင့် ကျား ၂ ဦး၊ မ ၂ ဦး ကိုအဆိုပြုတင်သွင်းရာ ဦးမင်းမင်းထွန်း၊ ဦးဆန်းအောင်၊ ဒေါ်ခူခူအေး၊ ဒေါ်ချိုဇင်သက် တို့ကိုအဆိုပြုခဲ့သည်။ မဲပေးရွေးချယ်ရာ ဦးမင်းမင်းထွန်းနှင့် ဒေါ်ချိုဇင်သက်က ရွေးချယ်ခံရပါသည်။

လူထုစည်းရုံးရေးမှူး ဦးစိုးဝိုက်အောင်မှ ယခုလိုကျေးရွာလူထုမှ စီမံကိန်းအတွက် အကူပြုကော်မတီများ ကိုတက်ကြွပါဝင်ပူးပေါင်း ရွေးချယ်ပေးသောကြောင့် ကျေးဇူးတင်ပါကြောင်း၊ အစည်းအဝေး ဖြစ်မြောက်ရန် ကူညီပေးကြသော တာဝန်ရှိပုဂ္ဂိုလ်များ၊ ရပ်မိရပ်ဖများနှင့် ကျေးရွာလူထု တစ်ရပ်လုံး ကိုကျေးဇူး တင်ကြောင်း၊ စီမံကိန်း လုပ်ငန်းများ လုပ်ဆောင်သည့်အခါတွင်လည်း ယခုလို ပဲတက်ကြွပါဝင်ပေးကြပါရန် ပြောကြားပြီး အစည်းအဝေး ကိုအောင်မြင်စွာ ရုတ်သိမ်းခဲ့ပါသည်။

မှတ်တမ်းတင်သူ

( ဦးစိုးဝိုက်အောင် )

## ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အရည်အသွေးထိန်းချုပ်မှု (Checklist for VDP)

ထိန်းချုပ်သူ- ရက်စွဲ- ရွာ- VDP ရက်စွဲ-
မြို့နယ်- ကျေးရွာအုပ်စု-

(၁) VDP စာရွက်စာတမ်းပြီးဆုံးမှုကို စစ်ဆေးပါ။ (OM အရ)

- မျက်နှာဖုံး (အဖုံး)
- မာတိကာ
- ကျေးရွာအခြေခံ Data
- PSA အကျဉ်းချုပ်နှင့် PRA လုပ်ငန်းစဉ်
- အမျိုးသား/အမျိုးသမီးအဖွဲ့များ၏ အခက်အခဲများ
- ကျေးရွာမျှော်မှန်းချက် (ဆွေးနွေးချက်ရလဒ်)
- အမျိုးသား/အမျိုးသမီးအဖွဲ့များသဘောတူထားသည့် နောင်လေးနှစ်အတွက် ဦးစားပေးလုပ်ငန်းများစာရင်း (အခြေခံအဆောက်အဦး၊အသက်မွေးမှု၊ ပညာရေး၊ လူမှုရေးထိန်းသိမ်းမှု....)

နောက်ဆက်တွဲများ-

- လူမှုရေးအကဲဖြတ်မှု စာရွက်စာတမ်းဓါတ်ပုံနှင့် PRA လုပ်ငန်းစဉ် (ဖြစ်နိုင်လျှင်)၊ မြေပုံများ ပါရမည်၊ စည်းစိမ်ပိုင်ဆိုင်မှုအဆင့်၊ venn ပုံ...
- ကျေးရွာစီမံကိန်းရေးဆွဲရေးအစည်းအဝေးမိတ္တူ
- ကျေးရွာ၏အချက်အလက် (PC 1 ပုံစံ)
- ကျေးရွာမျှော်မှန်းချက်

(၂) လူမှုရေးအကဲဖြတ်မှုအရည်အသွေးနှင့် VDP စစ်ဆေးပါ။

- VDP တွင်ပါဝင်သောဦးရေ (အမျိုးသား/အမျိုးသမီး)- ।
- လူမှုရေးအကဲဖြတ်မှုအရည်အသွေးနှင့် VDP အတွက် ရက်ပေါင်း-
- PRA ပစ္စည်းများ အသုံးပြုသည့် အရေအတွက်-
- ပါဝင်သောဦးရေနှင့် လုပ်ငန်းများ မှတ်တမ်းတင်ခြင်း (အစည်းအဝေးမှတ်တမ်း၊ အဖွဲ့ဓါတ်ပုံ၊ တိုင်းရင်းသားအနည်းစုနှင့် ထိခိုက်လွယ်သော အဖွဲ့များ)
    - အလွန်ကောင်း
    - ကောင်း
    - ညံ့
- လုပ်ငန်းများ မှတ်တမ်းတင်ခြင်းနှင့် အမျိုးသမီးအဖွဲ့အစည်းအဝေး၏ရလဒ် အားခွဲခြားပေးထားသလား။
    - ရှိ
    - မရှိ
- စီမံကိန်းအရေအတွက် (အမျိုးသား/အမျိုးသမီးရွေးချယ်မှုအရေအတွက်)- ।
- PRAနှင့်သက်ဆိုင်သောအခြား စီမံကိန်းအရေအတွက် (အမျိုးသား/အမျိုးသမီးရွေးချယ်မှုအရေအတွက်)- ।